**ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး**

**(၂၈) ရက်မြောက်နေ့ အစီအစဉ်**

**[ ၂၀- ၃ - ၂၀၁၄ ]**

**(ကြာသပတေးနေ့)**

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော်(၂၈)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ က ဖြေကြားခြင်း -

( က ) ဦးမနားနိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ကန်ပက်လက်မြို့မှ ရဲလောင်းပန်းရွာ၊ ငုံလောင်းရွာ၊ စံအိမ်နူးရွာ၊ ခိတော်ရွာအထိ လမ်းအပိုင်းကို ဆက်လက်ဖောက်လုပ်ပေးရန်နှင့် ခိတော်ရွာမှခါပန်းရွာကိုဖြတ်၍ မကွေးတိုင်း ဒေသကြီး၊ ဆောမြို့နယ်၊ ကံကြီးရွာ (ကျောက်ထုလေယာဉ်ကွင်းသို့အရောက်) ကားလမ်း ဖောက်လုပ်ပေးရန်** အစီအစဉ်ရှိ/မရှိနှင့် စပ်လျဥ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ရသေ့တောင်မြို့နယ်ရှိ ကူတောင်ချောင်းဖျားကို ပိတ်ဆည်ပြီး စိုက်ပျိုးရေးနှင့်လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ရေပေးဝေပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) ၏ **မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး၏ ကုန်ကျစရိတ်များကို တိကျစွာထုတ်ပြန်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ် ပစ္စည်းကိရိယာသီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း။

၇။ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ် ပစ္စည်းကိရိယာသီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

(ခ) ဦးခင်မောင်ရီ၊ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

၈။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ် ပစ္စည်းကိရိယာသီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ ပို့ဆောင်ရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး က ရွေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၁၀။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသား လွှတ်တော် ၏ အဆုံးအဖြတ် ရယူခြင်း။

၁၁။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြား တင်သွင်းခြင်း။

၁၂။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၃။ ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၁၄။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်း အား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၅။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၈) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် (၂၉) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။